# BreastScreen WA

Burmese

## Breast Screening Information

ရင်သားကင်ဆာ စစ်ဆေးမှုအကြောင်း အချက်အလက်



## ရင်သားကင်ဆာ - အချက်အလက်များ

ရင်သားကင်ဆာသည် ဩစတြေးလျားနိုင်ငံရှိ အမျိုးသမီးများအတွက် အများဆုံး အသက်အန္တရာယ်ဖြစ်စေနိုင်သည့် ကင်ဆာဖြစ်ပြီး၊ ယင်းကို ကာကွယ်မှု မပြုနိုင်ပါ။

> ရင်သားကင်ဆာဖြစ်နိုင်ခြေများထဲတွင် အကြီးမားဆုံးမှာ အမျိုးသမီးတစ်ဦးဖြစ်နေပြီး အသက်ကြီးလာခြင်း ဖြစ်ပါသည်။

ရင်သားကင်ဆာဆိုသည်မှာ ပုံမှန်မဟုတ်သောကလာပ်စည်းများ အုပ်စုလိုက်ဆက်လက်ကြီးထွားများပြားလာခြင်းဖြစ်သည်။ ယင်းကြောင့် နောက်ဆုံး ရင်သားထဲ၌ အကြိတ်အခဲဖြစ်လာနိုင်သည်။ ကင်ဆာကိုမထုတ်လိုက်လျှင်သော်၎င်း၊ မထိန်းထားနိုင်လျှင်သော်၎င်း၊ ကင်ဆာ ကလာပ်စည်းများသည် အခြားခန္ဓာကိုယ် အစိတ်အပိုင်း များသို့ပြန့်နှံ့ သွားနိုင်ပြီး သေဆုံးသည်အထိဖြစ်စေသည်။ ကင်ဆာဖြစ်ခါစ၌တွေ့ ရှိခြင်းသည် ဆေးကုသမှုအောင်မြင်ရန်အတွက် အခွင့်သာစေသည်။

## ဘယ်သူတွေ မင်မိုဂရမ်စစ်ဆေးမှု လုပ်နိုင်လဲ?

အသက် ၄၀ အထက် ရင်သားပြဿနာပြရုပ်များမရှိသူ အမျိုးသမီးများအား ဗရက်စခင်းဒဗျူအေ (BreastScreen WA) ၌ မင်မိုဂရမ် စစ်ဆေးမှု အခမဲ့ စစ်ဆေးပေးပါသည်။ အသက် ၅၀ မှ ၇၄ နှစ်အတွင်း အမျိုးသမီးများ နှစ်နှစ်တစ်ကြိမ် အခမဲ့ မင်မိုဂရမ်စစ်ဆေးရန် ဗရက်စခင်းဒဗျူအေက တိုက်တွန်းအားပေးပါသည်။

> ရင်သားကင်ဆာဖြစ်မှု၏ ၇၅% ကျော်ကျော်ကို အသက် ၅၀ နှင့်အထက် အမျိုးသမီးများတွင် တွေ့ရှိရပါသည်။

ဗရက်စခင်းဒဗျူအေသည် အမျိုးသမီးတဦးစီ၏ကိုယ် ရေးရာနှင့်သိက္ခာကိုလေးစားပါသည်။ ရင်သားနို့အုံပုံရိုက်စစ်ဆေး မှု လုပ်၊မလုပ် သင့်ဆုံး ဖြတ်မှုပေါ်တည်ပါသည်။ သင်ဆုံးဖြတ်ရန်ကိစ္စအတွက် သင့်အခြေအနေကို သင့်ဆရာဝန်နှင့် ဆွေးနွေးလိုစိတ်ရှိနိုင်ပါသည်။.

## ရင်သားနို့အုံပုံရိုက်စစ်ဆေးမှု ဆိုတာဘာလဲ

ရင်သားနို့အုံပုံရိုက်စစ်ဆေးမှုဆိုသည်မှာ အမျိုးသမီးတစ်ဦး၏ရင်သားအတွင်းကို ဓါတ်မှန်ပုံ သို့မဟုတ် ပုံရုပ်ဖေါ်ကြည့်မှုဖြစ်ပါသည်။ ရင်သားနို့အုံပုံရိုက် စစ်ဆေးမှုက ရင်သားကင်ဆာကို စောစီးစွာတွေ့ရှိရန် အကောင်းဆုံးနည်းလမ်းဖြစ်သည်။ သင်သို့မဟုတ် သင့်ဆရာဝန်က လက်ဖြင့် မစမ်းမိမီ ရင်သားနို့အုံပုံရိုက်စစ်ဆေးမှုကြောင့် ကင်ဆာကိုတွေ့ရှိနိုင်သည်။



## မင်မိုဂရမ်စစ်ဆေးမှု ဘယ်လိုလုပ်သလဲ?

ရင်သားကို အနေအထားကျရန် ဓါတ်မှန်စက်ပေါ် ဂရုတစိုက်တင်ပြီး ဓါတ်မှန်ရိုက်စဉ်အတွင်း စက္ကန့် အနည်းငယ်ဖိထားသည်။ ရင်သားတစ်ဖက်စီအတွက် အပေါ်မှ တစ်ပုံနှင့်ဘေးမှတစ်ပုံ - ဓါတ်ပုံနှစ်ပုံရိုက်သည်။

ရင်သားကိုဖိရခြင်းမှာအကြည်လင်ဆုံးသော ဓါတ်ပုံရရန် (အောက်မှ ပုံကိုကြည့်ပါ)နှင့် ဓါတ်ရောင်ခြည် အနည်းဆုံးသုံးရန် အရေးကြီးသောကြောင့် ဖြစ်သည်။ ရင်သားကိုဖိစဉ်၊ တင်းကြပ်ပြီး မသက်မသာ ဖြစ်နိုင်သော်လည်း စက္ကန့်အနည်းငယ်သာ ကြာပါသည်။ ဓါတ်မှန်ရိုက်သူကို အချိန်မရွေးရပ်တန့်ခိုင်းနိုင်ပါ သည်။




## ဗရက်စခင်းဒဗျူအေသို့ အခမဲ့ ရင်သားနို့အုံပုံရိုက်စစ်ဆေးမှုလုပ်ဖို့သွားလျှင် ဘာတွေဖြစ်မလဲ?

ဗရက်စခင်းဒဗျူအေရှိ ဝန်ထမ်းအားလုံးသည် အမျိုးသမီးများ ဖြစ်ကြပါသည်။ ရင်သားပုံရိုက်စစ်ဆေးခံရန်သွားလျှင် အပေါ်အောက် သပ်သပ်ဝတ်စုံ - ဥပမာ- စကတ် သို့မဟုတ် ဘောင်းဘီရှည်နှင့်အပေါ်အင်္ကျီဝတ်ပါ။ ရက်ချိန်းလာမည့်နေ့တွင် ကိုယ်လိမ်းပေါင်ဒါ သို့မဟုတ် အမွှေးဆီများ မသုံးပါနှင့်။

ဗရက်စခင်းဒဗျူအေသို့ရောက်လျှင် -

- သင့်ကိုကြိုဆိုပြီး၊ အချို့ပုံစံများကို ဖြည့်ခိုင်းပါမည်။
- အဝတ်လဲရန် အခန်းတစ်ခုကိုပြပြီး၊ သင့်၏ ဘယာဇီယာကိုချွတ်ခိုင်း၍ အပေါ်အင်္ကျီပြန်ဝတ်ခိုင်းမည်၊ လိုအပ်လျှင် တစ်ခါသုံးအပေါ်ဝတ်ရုံ ပေးပါမည်။
- ဓါတ်မှန်ရိုက်သူအမျိုးသမီးက ဓါတ်မှန်ခန်းထဲခေါ်သွားပြီး မေးခွန်းများမေးမည်။ ယင်းနောက် ရင်သားတစ်ဖက်စီကို ဓါတ်မှန်ရိုက်မည်။
- ဓါတ်မှန်ရိုက်သူက သင် ပြန်နိုင်သည့်အခါ ပြောပါလိမ့်မည်။
- သင့်ဓါတ်မှန်များကို အထူးကျွမ်းကျင်သူဆရာဝန် အနည်းဆုံးနှစ်ဦးက သုံးသပ်ပြီး၊ အဖြေများကို နှစ်ပါတ်အတွင်း သင့်ထံပို့ပေးရန် အတတ်နိုင်ဆုံး ဆောင်ရွက်ပါမည်။
- အချို့ အမျိုးသမီးများကို နောက်ထပ် ဓါတ်မှန်ရိုက်ရန် ခေါ်ခြင်းလည်း ရှိတတ်ပါသည်၊ ယင်းသို့လုပ်ရန်လိုအပ်လျှင် ဗရက်စခင်း ဒဗျူအေမှ ရင်သားစစ်ဆေးသူ သူနာပြုက သင့်ကို တယ်လီဖုန်းဆက်၍ ဆွေးနွေးပါမည်။။

## ဘယ်မှာ မင်မိုဂရမ်စစ်ဆေးမှု လုပ်နိုင်လဲ?

ဗရက်စခရင်းဒဗ္ဗျူအေတွင်မြို့ပြ၊ နယ်များ နှင့်ကားဖြင့်ပြောင်းရွှေ့စစ်ဆေးမှုများရှိပါသည်။ သင့်အနီးအနားတွင်ရှိသောနေရာကိုရှာရန် **www.breastscreen.health.wa.gov.au/Breast-screening/Breast-screening-locations** တွင်ကြည့်ပါ။

- နယ်မြို့များ သို့နှစ်နှစ်တစ်ခါကားလေးစီးဖြင့်ပြောင်းရွှေ့စစ်ဆေး ပါသည်။ မည်သည့်ရက်စွဲများ၌လာနိုင်ကြောင်းသိရှိရန် **www.breastscreen.health.wa.gov.au/Breast-screening/Rural-and-remote-women**တွင်ကြည့်ပါ။
- ညနေနှင့်စနေနေ့များအတွက်ဆေးခန်းအများစုတွင်ရက်ချိန်းများရနိုင်ပါသည်။
- ♿ ဗရက်စခရင်းဒဗ္ဗျူအေဆေးခန်းများအားလုံးသို့တွန်းလှည်းဖြင့်လာရောက်နိုင်ပါသည်။
- စကားပြန်များ အခမဲ့ ရနိုင်ပါသည်။

## ရက်ချိန်းဘယ်လိုယူရမလဲ?

ဖုံးနံပါတ် **13 20 50** ကိုဆက်ပြီး ရက်ချိန်းတောင်းပါ။
စကားပြန်လိုပါက၊ စကားပြန်နှင့် ဘာသာပြန်ဌာန **(TIS) 13 14 50** ကို ပထမဆက်ပါ။ ဗရက်စခရင်းဒဗ္ဗျူအေ ဗဟိုရက်ချိန်းဌာန(ရက်ချိန်းပေးသည့် ဝန်ဆောင်မှု) -ဖုန်း **13 20 50** ကို ဆက်ပေးရန်ပြောပါ။

## အုပ်စုလိုက် ရက်ချိန်းများ

အုပ်စုလိုက်လာလိုသူ အမျိုးသမီးများအနေဖြင့်၊ အုပ်စုလိုက်ရက်ချိန်းတောင်းနိုင်သည်။ အုပ်စုလိုက်ရက်ချိန်းအတွက် ထပ်မံမေး မြန်းလိုလျှင်၊ **13 20 50** ကို ဆက်ပါ။

## အခြားဘာသာများဖြင့်ရနိုင်သော ပစ္စည်းများ

ဗရက်စခင်းဒဗ္ဗျူအေမှ အချက်အလက်စာရွက်စာတမ်းများကိုအခြားဘာသာများဖြင့်လည်းရနိုင်ပါသည်။
မည်သည့်စာရွက်စာတမ်းများကိုရနိုင်ကြောင်းသိရှိရန် **www.breastscreen.health.wa.gov.au/Breast-screening/Multicultural-women** တွင်ကြည့်ပါ။

## ကျွန်ုပ်တခြားဘာလုပ်နိုင်လဲ

ဗရက်စခရင်းဒဗ္ဗျူအေက ရင်သားနို့အုံပုံရိုက်စစ်ဆေး မှန်မှန်လုပ်နေသည့်တိုင်အောင် အမျိုးသမီးအားလုံး မိမိ၏ရင်သားနှင့်ပတ်သက်ပြီး သတိထားရန် တိုက်တွန်းပါသည်။

ရင်သားအကြောင်းသိခြင်းဆိုသည်မှာ၊ မိမိရင်သားများ အချိန်အလိုက်ပုံစံနှင့် ခံစားပုံတို့ကို သတိထားမိလာရန်ဖြစ်သည်။ ရင်သားများအတွင်း အပြောင်းအလဲဖြစ်မှု အများမှာ သာမန်ဖြစ်လေ့ရှိ ပြီး၊ ဟိုမုန်းအပြောင်းအလဲများနှင့် အသက်ကြီးလာခြင်းကြောင့်ဖြစ်သည်။ သာမန်ပုံမှန်အခြေနှင့် ရင်သားများအား စမ်းကြည့်ရာ၌ ခံစားပုံကို သိရန်ဖြစ်သည်။ မှန်အတွင်း၌ မိမိရင်သားများကို ကြည့်ပြီး၊ တချိန်ပြီးတချိန် မကြာမကြာလက်ဖြင့် စမ်းသပ်ကြည့်ပါ။

အပြောင်းအလဲများဆိုရာတွင်

- အဖုကြိတ်အသစ်၊ လုံးခဲသည့်ပုံ သို့မဟုတ် ရင်သားသို့မဟုတ် ဂျိုင်းဝန်းကျင်တွင် ထူသည့်ပုံဖြစ်လာခြင်း
- နို့သီးခေါင်း၌ အရည်ထွက်ခြင်း၊ အတွင်းချိုင့်ဝင်ခြင်း၊ အနာများ သို့မဟုတ် ယားယံခြင်းတို့အပါအဝင် အပြောင်းအလဲများ
- နို့သီးခေါင်း သို့မဟုတ် နို့အုံတို့၏ အရွယ်အစား၊ ပုံသဏ္ဍာန် သို့မဟုတ် အရောင်အပြောင်းအလဲများ
- အရည်ပြားပေါ်၌ အချိုင့်၊ နီနေမှု သို့မဟုတ် အဖုအပိမ့်များကဲ့သို့ အပြောင်းအလဲများ
- ယခင်ကမရှိခဲ့ဘဲ၊ သာမန်မဟုတ်သော သို့မဟုတ် ဆက်တိုက် နာကျင်နေမှုတို့ ပါဝင်ပါသည်။

## သင့်နို့အုံတွင် ယင်းသို့သော အပြောင်းအလဲများကို သတိထားမိလျှင်၊ သင့်ဆရာဝန်ထံ သွားပါ။



သင့်ရင်သားတစ်ရှူးများကို စမ်းသပ်ရာ၌ ညှပ်ရိုးမှစပြီး ဘရာစီယာ အောက်လိုင်းအထိနှင့် လက်မောင်းအောက်နေရာများကို စစ်ဆေးရန် အရေးကြီးပါသည်။

Department of Health
GOVERNMENT OF WESTERN AUSTRALIA

BreastScreen WA
WA's only accredited screening service

BreastScreen AUSTRALIA
A joint Australian, State and Territory Government Program

**BreastScreen WA**
Telephone (08) 9323 6700 Facsimile (08) 9323 6799 Email breastscreenwa@health.wa.gov.au
**Bookings 13 20 50**
National Relay Service www.relayservice.gov.au Translating Interpreting Service (TIS) 13 14 50

HP000367 NOV'15